အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

Women's League of Burma

**အစိုးရမှ ကျောင်းသားသပိတ်ဆန္ဒပြမှုများကို ဆက်လက်အကြမ်းဖက်ဖြိုခွင်းနေသည့်အပေါ် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ သဘောထားထုတ်ပြန်ချက်**

၂၀၁၅ခုနှစ်၊ မတ်လ (၁၂)ရက်

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းပေါ်ထွက်လာရေးအတွက် မန္တလေးမြို့မှစတင်၍ ရန်ကုန်မြို့သို့ ငြိမ်းချမ်းစွာ ခရီးရှည် ဆန္ဒပြလာနေသော ကျောင်းသားသပိတ်အား အစိုးရမှ လက်ပံတန်းမြို့၌ ပိတ်ဆို့တားဆီး ဖြိုခွင်းနေမှု အပေါ် ၄င်းကဲ့သို့ အကြမ်းဖက်ပိတ်ဆို့ ဖြိုခွင်းမှု မပြုလုပ်ရန်အတွက် (၈၈) မျိုးဆက်ကျောင်းသားများအပါအဝင် ကျောင်းသား၊ ကျောင်းသူ၊ ရဟန်းရှင်လူ ပြည်သူလူထုမှ ရန်ကုန်မြို့တွင် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်နေသည်ကို သက်ဆိုင်ရာ အာဏာပိုင်များမှ ဆက်လက် အကြမ်းဖက်ဖြိုခွင်းရိုက်နက်ဖမ်းဆီးနေခြင်းအား မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ ပြင်းပြင်းထန်ထန် ရှုတ်ချကန့်ကွက်လိုက်သည်။

ကျောင်းသား၊ ကျောင်းသူ ပြည်သူလူထုမှ ထိုသို့ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်နေခြင်းသည် ဒီမိုကရေစီနိုင်ငံသားပီသစွာ ဒီမိုကရေစီဝိနည်းဘောင် အတွင်းမှ ဆောင်ရွက်နေကြခြင်းသာ ဖြစ်သည်။ သို့သော် အစိုးရ၏ ရဲဝန်ထမ်းများအပါအဝင် စွမ်းအားရှင်အသွင်သဏ္ဍာန်ဆောင်သော လက်ပတ်နီဝတ် အရပ်ဖက် ရမ်းကားပြည်သူများမှ ဆန္ဒပြသူများနှင့် အမျိုးသမီးများအပေါ် အသက်အန္တရာယ်ထိခိုက်စေသည့်အပြင် ကာအိန္ဒြေ ပျက်ပြားစေသည်အထိ ရက်စက်ရမ်းကားစွာ ကျူးလွန်ပြုမူ နေသည်ကို ခွင့်ပြုနေခြင်းမှာ လက်ရှိအစိုးရကိုယ်တိုင် ပြောဆိုနေသော တည်ဆဲ ဥပဒေကို ဆန့်ကျင်နေကြောင်း ထင်ရှားစွာ ပြသနေသည်။

နိုင်ငံတနိုင်ငံ၏ မငြိမ်းချမ်းမှုနှင့် လူ့အခွင့်အရေးချိုးဖေါက်မှုများကိုခံစားရသည့် ပြည်သူများထဲတွင် အဆိုးဝါးဆုံး နစ်နာ ထိခိုက်သူများမှာ အမျိုးသမီးများဖြစ်ရာ လက်ရှိတွင် ငြိမ်းချမ်းရေးလိုလားသူ ဆန္ဒပြအမျိုးသမီးများအပေါ် ယခုကဲ့သို့ နှိပ်ထက်စီးနင်းပြု ကျူးလွန်နေခြင်းသည် အမျိုးသမီးများကို ကာကွယ်စောင့်ရှောက်ခြင်းနှင့်ဆိုင်သော နိုင်ငံတကာ ဥပဒေများကို ချိုးဖေါက်ရာရောက်နေသည့်အပြင် ငြိမ်းချမ်းရေး ဖေါ်ဆောင်မှုအခန်းကဏ္ဍတွင် အမျိုးသမီးများ ပါဝင်မှုရှိလာရန်ကိုပါ တားဆီးကန့်သတ်နေခြင်းဖြစ်ကြောင်း မိမိတို့အဖွဲ့ချုပ်မှ သုံးသပ်သည်။

အစိုးရအနေဖြင့် ပင်မသပိတ်စစ်ကြောင်းအား တားဆီးပိတ်ပင်မှုကို ရုတ်သိမ်းရန်အတွက် ယနေ့ချိန်ထိ အစီအစဉ် မရှိသေးကြောင်း ကြားသိနေရသည့်အပြင် ဆင့်ကဲဆန္ဒပြပြည်သူများအား အတိုးချ၍ ရက်စက်စွာရိုက်နက်၊ ဖမ်းဆီးနေခြင်းသည် ဒီမိုကရေစီအစိုးရတစ်ရပ်၏ သွင်ပြင် လက္ခဏာမှ သွေဖီကြောင်း ပြသနေခြင်း ဖြစ်သည်။ တဖက်တွင် အစိုးရသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေနှင့် တရားရေးမဏ္ဍိုင်ကို မထီမဲ့မြင် ပြုကာ အကြမ်းဖက်မှုများကို ဆက်လက်ကျူးလွန်နေမှုကို သိသာထင်ရှားစွာ ပြသနေခြင်းဖြစ်သည်ဟု မိမိတို့အဖွဲ့ချုပ်မှ သုံးသပ်မှတ်ယူသည်။

ယနေ့တွင်ပင်လျှင် ဆန္ဒပြပြည်သူ(၁၂၇)ဦးကို လူသားမဆန်စွာ ရက်ရက်စက်စက် ရိုက်နက်ခြင်း၊ ဖမ်းဆီးခြင်း၊ အမျိုးသမီး များအား ဂုဏ်သိက္ခာ ထိပါးစေသည်အထိ ကိုယ်ထိလက်ရောက် ရမ်းကားရိုက်နက် ဖမ်းဆီးနေခြင်းအပေါ် မိမိတို့ အဖွဲ့ချုပ်မှ အထူးစိုးရိမ်ပူပန်လျှက်ရှိသည်။

ယခုအချိန်ကာလတွင် လက်ရှိအစိုးရသည် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးလမ်းစဉ်ကိုသွေဖီစေသည့် နည်းဟန်များဖြင့် ယခင်စစ်အစိုးရ အဆက်ဆက် လက်ထက်ကနည်းတူ လူ့အခွင့်အရေးချိုးဖေါက်မှုများကို ဆက်လက်ကျူးလွန်နေမည် ဆိုပါက လက်ရှိလုပ်ဆောင်နေသော တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့်  ငြိမ်းချမ်းရေးဖြစ်စဉ်များမှာ ထိခိုက်ပျက်ပြားလာမည်သာ ဖြစ်သည်။ ထို့အပြင် တရားဥပဒေစိုးမိုးရေးကို ပိုမိုထိပါးလာနေမည်ဖြစ်ပြီး ယခင်အစိုးရများကဲ့သို့ နောက်ကြောင်း ပြန်လှည့်သွားစေနိုင်သည့် အခြေအနေတွင် ရှိနေသည်။

သို့ဖြစ်၍ အစိုးရအနေဖြင့် ဒီမိုကရေစီစနစ်၏ အနှစ်သာရများဖြစ်သော လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုခွင့်၊ စုဝေးခွင့်တို့ကို ဆန့်ကျင်တိုက်ခိုက်နေခြင်းအား အမြန်ဆုံးရပ်တန့်၍ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်နေသော ကျောင်းသား၊ ကျောင်းသူ၊ ရဟန်းရှင်လူ ပြည်သူလူထု၏ တောင်းဆိုချက်များကို ဒီမိုကရေစီနည်းကျ အမြန်ဆုံးဖြေရှင်းနိုင်ရေးကို အကောင်အထည် ဖော်ပေးပါရန် ထောက်ပြတောင်းဆိုလိုက်သည်။

ထို့အတူ ယခုဖြစ်ရပ်နှင့် ပတ်သက်၍ အမေရိကန်နှင့် ဥရောပနိုင်ငံများမှ လက်ရှိဦးသိန်းစိန်အစိုးရအား ပြစ်တင်ဝေဖန်၍ အကြမ်းဖက်မှုများကို ရပ်တန့်ရန်နှင့် ဖမ်းဆီချုပ်နှောင်ထားသူများအား ပြန်လွှတ်ပေးရန် တောင်းဆိုချက်များအပေါ် မိမိတို့ အဖွဲ့ချုပ်မှ ထောက်ခံကြောင်း ထုတ်ဖေါ်ပြောကြားလိုက်သည်။

**ဆက်သွယ်ရန်။** စောစံငြိမ်းသူ (+၉၅ ၉၄၂ ၁၇၃ ၄၆၇၆) နှင့် ဂျူလီယာ (+၆၆ ၉၀၇ ၅၀၄ ၉၆၀)